# ကလေးများသည်
# အနာဂါတ်အိပ်မက်များ မက်နေရန်ဖြစ်ပြီး
# လုပ်ငန်းခွင်ဝင်ရောက်ရန်မဟုတ်ပါ။



1919•2019
SOCIAL JUSTICE
DECENT WORK

ကမ္ဘာ့ကလေးအလုပ်သမား
ဆန့်ကျင်တိုက်ဖျက်ရေးနေ့
၁၂ ရက် ဇွန်လ ၂၀၁၉

ကလေးအလုပ်သမားအရေးသည် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် ကိစ္စရပ်တစ်ခုဖြစ်ပြီး လူသားတစ်ရပ်လုံးအပေါ်သက်ရောက်သည့်အရာတစ်ခုလည်း ဖြစ်ပါသည်။ ကလေးအလုပ်သမားဆိုသည်မှာ သူတို့၏အသက်အရွယ်ကြောင့်ဖြစ်စေ၊ ပါဝင်လုပ်ကိုင်နေရသည့် လုပ်ငန်းသဘောသဘာဝကြောင့်ဖြစ်စေ ကလေးများမလုပ်ရန် တားမြစ်ထားသည့်အလုပ်ကို လုပ်ကိုင်နေရခြင်းကိုဆိုလိုပါသည်။ ကလေးများသည် ၎င်းတို့၏ ကလေးဘဝ၊ ကောင်းမွန်သောပညာရေးနှင့် ဘေးအန္တရာယ်များမှ အကာအကွယ်ရပြီး ဘေးကင်းစွာကြီးပြင်းလာရမည့် အခွင့်အရေးများ ဆုံးရှုံးခဲ့ကြသည်။ ကမ္ဘာတစ်ဝှမ်းမှ လူ့အဖွဲ့အစည်းများ၊ လုပ်ငန်းကဏ္ဍများနှင့် နိုင်ငံများမှ ကလေးအလုပ်သမားကင်းစင်မှုကို တိုးမြှင့်လုပ် ဆောင်ရန်နှင့် ကလေးများအားလုံး အရည်အသွေးရှိသော ပညာသင်ယူနိုင်ခွင့်ကို ရရှိရန်မှာ အိုင်အယ်လ်အို၏ ရည်မှန်းချက်ဖြစ်သည်။

## ယနေ့ အသက် ၅နှစ်မှ ၁၇နှစ် ရှိကလေးများအားလုံးတွင်






# ၁၉၁၉-၂၀၁၉

ဤကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့တွင် ကလေးအလုပ်သမား ကိုင်တွယ်ဖြေရှင်းရာ၌ နိုင်ငံများအား အိုင်အယ်လ်အို၏ အထောက်အပံ့ဖြင့် နှစ် ၁၀၀ ကျော်အတွင်းရရှိခဲ့သည့် အောင်မြင်မှုများကို အိုင်အယ်လ်အို၏ရာပြည့်နှစ်တွင် ပြန်လည်ကြည့်ရန်ဖြစ်သည်။ ကလေးအလုပ်သမားများ အသုံးပြုခြင်းကို ထိရောက်စွာဖျက်သိမ်းပစ်ရန်မှာ အိုင်အယ်လ်အို စတင်တည်ထောင်ခဲ့သော ၁၉၁၉ ခုနှစ်ကတည်းကပင် အခြေခံမူများထဲမှတစ်ခုဖြစ်ပြီး ယနေ့ထိတိုင် မသွေမတိမ်းတည်ရှိနေမည့် အဓိကရည်ရွယ်ချက်တစ်ခုလည်း ဖြစ်ပါသည်။

## ကလေးများသည် အနာဂါတ်အိပ်မက်များမက်နေရန် ဖြစ်ပြီး လုပ်ငန်းခွင်ဝင်ရောက်ရန်မဟုတ်ပါ။




အိုင်အယ်လ်အို၏ အဆိုးဝါးဆုံးပုံစံဖြင့်ကလေးအလုပ်သမား ခိုင်းစေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်(၁၈၂) ၁၉၉၉အား လက်ခံကျင့်သုံးခဲ့သည်မှာ ၂၀၁၉ ခုနှစ်တွင် အနှစ်၂၀ ပြည့်မြောက်ပြီဖြစ်ပါသည်။ အချို့နိုင်ငံများသာ အတည်ပြုလက်မှတ်ရေးထိုးရန်ကျန်ရှိနေပြီး ဒီပြဋ္ဌာန်းချက်ကို ကမ္ဘာအနှံ့ အတည်ပြုလက်မှတ်ရေးထိုးရန် အလွန်နီးစပ်နေပြီဖြစ်သည်။ ကမ္ဘာ့တစ်ဝှမ်းရှိအသက် ၅နှစ်မှ၁၇နှစ်ရှိသော ကလေးများ၏ ၉၉.၉ ရာခိုင်နှုန်းကျော်သည် ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင်သည်။ ဤကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့တွင် ပြဋ္ဌာန်းချက် အမှတ် ၁၈၂ နှင့် အလုပ်လုပ်နိုင်သည့်အနိမ့်ဆုံး အသက်ဆိုင်ရာ ပြဋ္ဌာန်းချက် (အမှတ်-၁၃၈) ၁၉၇၃ တို့ကို ကမ္ဘာလုံးဆိုင်ရာသဘောတူညီလက်မှတ်ရေးထိုးခြင်းနှင့် အပြည့်အဝ အကောင်အထည်ဖော်ဆောင်နိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။ အရွယ်ရောက်ပြီးသူများနှင့် ကလေးများကို အကာအကွယ်ပေးသည့် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက် ၂၀၁၄ ခုနှစ် လုပ်ထုံးလုပ်နည်းအား လိုက်နာကျင့်သုံးခြင်းကိုလည်း ကျွန်ုပ်တို့တိုက်တွန်းအပ်ပါသည်။

ဤကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့တွင် ကျွန်တော်တို့အနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်ဆိုင်ရာ ၂၀၃၀ အစီအစဉ်တွင် ပါဝင်သည့် ရည်မှန်းချက် ၈.၇ ကိုဦးတည်မျှော်မှန်းပြီး နိုင်ငံတကာလူ့အသိုင်းအဝိုင်းတွင် ပုံစံအမျိုးမျိုးဖြင့် ခိုင်းစေခံနေရသော ကလေးအလုပ်သမားများအားလုံးကို ၂၀၂၅တွင် အဆုံးသတ်ရန်အတွက် ဖိတ်ခေါ်ထားသည်။ ၈.၇ ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းအား အထောက်အပံ့ပေးရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်ဆိုင်ရာ ရည်မှန်းချက် ၈.၇ ၏အဓိက ရည်ရွယ်ချက် အောင်မြင်မှုရရှိရန်အတွက် ကျန်ရှိနေသည့် စိန်ခေါ်မှုများကို ချက်ချင်းအရေးတယူ ကိုင်တွယ်ဖြေရှင်းခြင်းအတွက် ဖိတ်ခေါ်ပါသည် သို့မှသာ ကမ္ဘာ့အသိုင်းအဝန်းမှ ယင်းပုံစံအားလုံးတွင် ပါဝင်သည့် ကလေးအလုပ်သမားပပျောက်လျော့ချရန် လမ်းကြောင်းပေါ်တွင် ခိုင်မြဲစွာရှိနေမည်ဖြစ်သည်။

# ကလေးအလုပ်သမား ကိုင်တွယ်ဖြေရှင်းရေး နှစ်တစ်ရာပြည့် - အိုင်အယ်လ်

**၁၉၁၉**
အနိမ့်ဆုံးအသက်သတ်မှတ်ချက်
(စက်ရုံအလုပ်ရုံ) ပြဋ္ဌာန်းချက်

လွန်ခဲ့သောနှစ် ၁၀၀ က ကလေးအလုပ်သမားအား စနစ်တကျတွင်ကျယ်စွာအသုံးပြုခြင်းကို ကမ္ဘာအနှံ့တွင် များမျ
တွင် ကလေးအလုပ်သမား အသုံးပြုမှုကိုတားမြစ်ရန် နှင့် ကလေးများလုပ်ရသည့်အလုပ်ကို ထိရောက်သော သတ်
ကမ္ဘာတစ်ဝှမ်းလုံးနီးပါး လက်ခံလာပြီဖြစ်သည်။

**၁၉၇၃**
အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံး
အသက်ဆိုင်ရာ ပြဋ္ဌာန်းချက်
အမှတ်-၁၃၈

အိုင်အယ်လ်အို၏ အစောပိုင်းနှစ်များတွင် ကလေးအလုပ်သမားဆိုင်ရာ စံသတ်မှတ်ချက်များ ချမှတ်ထားခဲ့ခြင်းသည် ကလေးအခွင့်
အရေးနှင့်ပတ်သက်သည့် ပထမဦးဆုံးသော အပြည်ပြည်ဆိုင်ရာစံနှုန်းများ ဖြစ်သည်။ အနိမ့်ဆုံးအသက်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်
(၁၃၈)အား လိုက်နာကျင့်သုံးခြင်းနှင့်အတူ အနိမ့်ဆုံးအသက်ဆိုင်ရာ ကဏ္ဍအလိုက် ပြဋ္ဌာန်းချက်များကို ၁၉၇၃ခုနှစ်တွင် လက်ခံကျင့်သုံး
ပြီး ကျစ်လစ်ခိုင်မာစုစည်းစေခဲ့ပါသည်။ ယနေ့အခါတွင် အိုင်အယ်လ်အို၏ အဆိုးဝါးဆုံးပုံစံဖြင့်ကလေးအလုပ်သမား ခိုင်းစေခြင်းဆိုင်ရာ
ပြဋ္ဌာန်းချက်(အမှတ်၁၈၂) ၁၉၉၉ နှင့်အတူ ဤပြဋ္ဌာန်းချက်အား အရေးကြီးသောလူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးဆိုင်
ရာစံချိန်စံညွှန်းအနေဖြင့် ကျယ်ပြန့်စွာလက်ခံလာကြပြီဖြစ်သည်။

**၂၀၁၃**
ကလေးအလုပ်သမားဆိုင်ရာ
တတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ
ညီလာခံ၊ ဘရာဇီး

**၂၀၁၀**
ကလေးအလုပ်သမားဆိုင်ရာ
ဒုတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ
ညီလာခံ၊ ဟေဂူး

**၂၀၁၅**
ကလေးအလုပ်သမားပပျောက်ရေးနှင့်
အဓမ္မခိုင်းစေမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ
အစီအစဉ် (IPEC +)

နှစ်အလိုက် နည်းဗျူဟာများနှင့်တုံ့ပြန်မှုနည်းလမ်းများလည်း ပြောင်းလဲဖြစ်ပေါ်လာပါသည်။ လက်ရှိနှစ်များတွင် လုပ်ငန်းခွင်အခြေခံမူဝါဒများနှင့် အခွင့်အရေးဘက်ပေါင်းစုံ ချဉ်းကပ်မှုအပေါ် အာရုံစိုက်ထားခြင်းနှင့်အတူ 'IPEC +' ဖန်တီးမှုများအပါအဝင် ကလေးအလုပ်သမားနှင့် အဓမ္မ ခိုင်းစေမှုနှင့် လူကုန်ကူးမှုဆိုင်ရာ အိုင်အယ်လ်အို လုပ်ဆောင်ချက်များကို အတူတကွ ဆောင်ရွက် ကြသည်။ ကုန်စည်စီးဆင်းမှုအချိတ်အဆက်လမ်းကြောင်းများ၊ နုနယ်ပြီး ဘေးကျပ်နံကျပ် ကာလ ရောက်သော အခြေအနေများ၊ ကျေးလက်ဒေသများနှင့် သမရိုးကျမဟုတ်သော စီးပွားရေးလုပ်ငန်းများ၊ အစွန်းစွန် ကျယ်ပြန့်စွာ ကလေးအလုပ်သမား၏ တွေ့ရှိရသည့်နေရာများတွင် ကလေးအလုပ်သမား ကိုင်တွယ်ဖြေရှင်းရန် တိကျသော နည်းဗျူဟာများကို ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သော အသိအမှတ်ပြုမှုများကို တိုးမြှင့်လုပ်ဆောင်ရမည်ဖြစ်သည်။

**၂၀၁၅**
စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်
ရေးဆိုင်ရာ လုပ်ငန်းစဉ်၂၀၃၀

အဆိုပါစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၂၀၃၀ လုပ်ငန်းအစီအစဉ်၏ ၂၀၁၅တွင် လက်ခံကျင့်သုံးခြင်းနှင့်အတူ အထူးသဖြင့် ၄င်း၏ ပန်းတိုင် ၈ တွင် သင့်တင့်ကောင်းမွန်သော အလုပ်နှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ၄င်း၏ ရည် မှန်းချက် ၈. ၇ အရ အသစ်သောကတိကဝတ်ကိုယ်စားပြုမှုနှင့် အတူ ၄င်း၏ပုံစံများအားလုံးထဲတွင်ပါဝင်သည့် ထိရောက်စွာ ကလေးအလုပ်သမားပပျောက်ရေးလုပ်ဆောင်ရန် ဖိတ်ခေါ်ပါသည်။

၈. ၇ ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်တွင် စတင်ဆောင်ရွက်ခြင်းနှင့် ၂၀၁၇ခုနှစ်တွင် စတုတ္ထအကြိမ်မြောက် ကလေးအလုပ်သမား ရေရှည်တိုက်ဖျက်ရေးဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ ညီလာခံတို့သည် ကမ္ဘာအဝှမ်း ကလေးအလုပ်သမား ကင်းစင်ရေး၏ ရည်မှန်းချက်ပန်းတိုင်ကို ဦးတည်သော လက်ရှိအထင်ကရ မှတ်တိုင် ၂ခုဖြစ်ပါသည်။

# ကိုလ်နှင့် ၎င်းမိတ်ဖက်များ၏ အခန်းကဏ္ဍ

းစားစားကန့်ကွက်ထားခြင်းမရှိခဲ့ပါ။ ယနေ့
မှတ်ချက်ထားရှိရန် လိုအပ်လျက်ရှိသည်ကို

**၁၉၉၂**
အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် စတင်ခြင်း (IPEC)

**၁၉၉၇**
ကလေးအလုပ်သမားဆိုင်ရာ ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ညီလာခံ၊

၁၉၈၀ခုနှစ်များမှစ၍ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမားပပျောက်ရေး အစီအစဉ်အား ၁၉၉၂ခုနှစ်တွင် စတင်တည်ထောင်လိုက်ပြီးချိန်တွင် ကလေးအလုပ်သမား တိုက်ဖျက်ရေးအတွက် ထိရောက်သောဥပဒေ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ကူညီထောက်ပံ့ပေးရန် အသိအမြင်၊ တာဝန်ခံမှုနှင့် အသိပညာများကို တည်ဆောက်ရန် အိုင်အယ်လ်အိုအနေဖြင့် မဲဆန္ဒရှင်များ၊ မိတ်ဖက်များနှင့် အတူတကွအလုပ်လုပ်ခဲ့ ကြပါသည်

**၁၉၉၈**
လုပ်ငန်းခွင် အခြေခံမူဝါဒများနှင့် အခွင့်အရေးများဆိုင်ရာ ကြေညာ စာတမ်း

**၁၉၉၉**
အဆိုးဝါးဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်

**၂၀၀၈**
မျှတသောကမ္ဘာ့လွှမ်းခြုံဆက်နွယ်မှုအတွက် လူမှုဘဝတရားမျှတမှုဆိုင်ရာ ကြေညာစာတမ်း

၁၉၉၈ခုနှစ် လုပ်ငန်းခွင် အခြေခံမူဝါဒများနှင့် အခွင့်အရေးများ ဆိုင်ရာ ကြေညာစာတမ်း၊ ၂၀၀၈ခုနှစ် မျှတသောကမ္ဘာ့လွှမ်းခြုံဆက်နွယ်မှုအတွက် လူမှုဘဝတရားမျှတမှုဆိုင်ရာ ကြေညာစာတမ်းနှင့် ၂၀၁၂ခုနှစ်၏ လုပ်ငန်းခွင်အခြေခံမူဝါဒများနှင့်အခွင့်အရေးများအတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံ ဆုံးဖြတ်ချက်များနှင့် ၂၀၁၇ ခုနှစ်တွင် လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခြင်း၊ စုပေါင်းညှိနှိုင်းအရေးဆိုခြင်း၊ နှင့် ကလေးအလုပ်သမား ကင်းစင်ရေး၊ အဓမ္မခိုင်းစေခြင်း နှင့် လုပ်ငန်းခွင်တွင်း ခွဲခြားဆက်ဆံခံရခြင်းတို့အပါအဝင် ဤအခွင့်အရေးများအားခွဲခြားနှင့် အရေးပါပုံကို ထပ်လောင်းအတည်ပြုခဲ့သည်။

**၂၀၁၆**
၈.၇ ဆိုင်ရာ မိတ်ဖက်များအဖွဲ့အစည်းကို စတင်ခြင်း

**၂၀၁၇**
ကလေးအလုပ်သမား စဉ်ဆက်မပြတ်ပပျောက်ရေးဆိုင်ရာ စတုတ္ထအကြိမ် ကမ္ဘာလုံးဆိုင်ရာ ညီလာခံ၊ ဗရူနိုအေးရီးစ်

**၂၀၂၅**
**ကလေးအလုပ်သမား လုံးဝပပျောက်ရေး**

၈. ၇ ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်၏ ရည်မှန်းချက် ၈. ၇ ရရှိရေးအတွက် ကတိပြုပူးပေါင်းလုပ်ဆောင်သော ကမ္ဘာလုံးဆိုင်ရာ နည်းဗျူဟာမိတ်ဖက်ဖြစ်သည်။ ဤမိတ်ဆက်အဖွဲ့အစည်းအောက်တွင် ကလေးအလုပ်သမားကိစ္စ၊ အဓမ္မခိုင်းစေမှု၊ ကျေးကျွန်ပြုခြင်းနှင့် လူကုန်ကူးခြင်းစသည့် ကိစ္စများကိုင်တွယ်ဖြေရှင်းရာတွင် အရှိန်မြင့်ဆောင်ရွက်ရန်အိုင်အယ်လ်အိုမှ မိတ်ဖက်များနှင့်အတူ ဆောင်ရွက်သည်။ မိတ်ဖက်လုပ်ငန်းအဖွဲ့ဝင်များ (ရွှေ့ပြောင်းလုပ်ကိုင်ခြင်း၊ ကုန်စည်စီးဆင်းမှုဆိုင် ရာကွင်းဆက်၊ တရားဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ နှင့် ပဋိပက္ခများနှင့် လူသားခြင်းစာနာထောက်ထားမှု အခင်းအကျင်းများ)နှင့် ရှေ့ဆောင်လမ်းပြနိုင်ငံများမှလည်း ကမ္ဘာအဆင့်နှင့် နိုင်ငံအဆင့်တွင် အရေးယူဆောင်ရွက်ရန်နည်းလမ်းများကို စီမံထားပါသည်။

ကလေးအလုပ်သမားရေးရာ၏ အဆုံးသတ်ရေးဆိုင်ရာ စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ညီလာခံမှ ရည်မှန်းချက် ၈. ၇ ရရှိရန် အရှိန်မြင့်ကြိုးစားမှုများကို အဓိကအခြေခံသဘောတရားများနှင့်လုပ်ငန်းများ ပါဝင်သည့် ဗရူရိုအေးရီးစ် ကြေငြာစာတမ်း၏ လက်ခံကျင့်သုံးမှုမှ တွေ့ခဲ့ရသည်။ ရှေ့ဆက်လုပ်ဆောင်မည့် ကတိပြုအာမခံအချက် ၁၀၀ နီးပါးကို အစိုးရ၊ အလုပ်သမားနှင့် အလုပ်ရှင်အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများမှကတိကဝတ် ပြုခဲ့ပြီးဖြစ်ပါသည်။

## ၂၀၂၅ ဆီသို့ ဆက်လက်ချီတက်မည့် လမ်းကြောင်း

သက်သေအထောက်အထားများ၏ဖော်ပြချက်များအရ အောက်ပါအဓိကမူဝါဒဧရိယာ၄ခုသည် ရှေ့ဆက်မည့်လမ်းကြောင်းကို တိုင်းတာဖော် ပြပေးမည်ဖြစ်ပါသည်။ လူမှုရေးအပြန်လှန် ဆွေးနွေးခြင်းကို ကျောထောက်နောက်ခံပြုခြင်း၊ ကလေးအလုပ်သမား ဖယ်ရှားပပျောက်ရေးအတွက် ကတိကဝတ်ဆုပ်ကိုင်ထားရှိခြင်းနှင့် ယနေ့မှစပြီး ၂၀၂၅တိုင်အောင် အားထုတ်ကြိုးပမ်းမှုအတွက် မဟာဗျူဟာအဓိကအစိတ်အပိုင်းတစ်ခုကို ဆောင်ရွက်ခြင်းဖြစ် သည်။

၄င်းမူဝါဒဧရိယာများသည် ဆင်းရဲနွမ်းပါးမှုလျော့ချရေး၊ အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေး နှင့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် ပတ်သက်ပြီး ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချိတ်ဆက်နေမှုမျိုး သာမက ၂၀၃၀ လုပ်ငန်းအစီအစဉ်၏ အခြေခံရည်ရွယ်ချက်ဖြစ်သည့် “ငြိမ်းချမ်းရေး၊ တရားမျှတပြီး ပြည့် စုံသော လူဘောင်အဖွဲ့အစည်း”ရရှိရန်လည်းဖြစ်သည်။

### ဥပဒေရေးရာစည်းမျဉ်း

ယခုအခါတွင် နိုင်ငံတော်တော်များများသည် ကလေးအလုပ်သမား ပြဌာန်းချက် များကို ကျယ်ကျယ်ပြန့်ပြန့်အတည်ပြုလက်မှတ် ရေးထိုးရာတွင် ကလေးများ၏ အလုပ်နှင့်သက်ဆိုင်သည့် ဥပဒေစည်းမျဉ်းများ ထားရှိခြင်းများလည်း ရှိလာ ကြပါသည်။ နည်းဗျူဟာများသည် ဥပဒေပြုမှု ပိုမိုအားကောင်းရန်နှင့် အလုပ်သမားစုံစမ်းစစ်ဆေးရေးမှူးများ မရောက်နိုင်သည့် ဒေသများ နှင့် အထူးသဖြင့် အဆိုးဝါးဆုံးပုံစံဖြင့်ခိုင်းစေခံရသော အလုပ်သမားအချို့ရှိသည့် ‘ဖုံးဝှက်ထားသည့်’ စီးပွားရေးကဏ္ဍများတွင် တွေ့နိုင်သည့်နေရာများသို့ရောက်ရှိနိုင်သည့် နည်းဗျူဟာများဖြစ်ဖို့ လိုအပ်ပါသည်။



### လုပ်သားဈေးကွက်

ကလေးအများစုသည် မိသားစုလယ်ယာများ (သို့) အခြားမိသားစုစီးပွားရေးလုပ်ငန်းများတွင် ဝင်ငွေမရပဲ ကလေးအလုပ်သမားအဖြစ်အလုပ်လုပ်နေကြရသည်။ ကလေးအလုပ်သမားများသည် သမရိုးကျမဟုတ်သော စီးပွားရေးလုပ်ငန်းများတွင် အာရုံစိုက်လုပ်ကိုင်နေကြသည်။ လုပ်သားဈေးကွက် မူဝါဒများသည် တရားဝင်အလုပ်လုပ်နိုင်သည့်အသက်ရှိသည့် ဆယ်ကျော်သက်ရွယ်များနှင့် လူငယ်များအတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ရရန် ထောက်ပံ့ပေးခြင်း၊ ကျေးလက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝင်ငွေများတိုးမြှင့်ရန်နှင့် သမရိုးကျမဟုတ်သော စီးပွားရေးမှ သမာရိုးကျ စီးပွားရေးသို့ ကူးပြောင်းလုပ်ကိုင်နိုင်ရန်အတွက် အထောက်အကူပေးခြင်းတို့သည် ကလေးအလုပ်သမားကိစ္စကိုင်တွယ်ဖြေရှင်းရန်အတွက် အဓိကအချက်များ ဖြစ်သည်။



### လူမှုကာကွယ်စောင့်ရှောက်ရေး

လူ့အသိုင်းအဝိုင်း (သို့) မိသားစုဘဝ ဆင်းရဲနွမ်းပါးခြင်းသည် ကလေးအလုပ်သမားဖြစ်စေသည့် အဓိကအရင်းမြစ်တစ်ခုဖြစ်သည်။ လူမှုဖူလုံရေးအစီအစဉ်များအားလက်လှမ်းမီ အသုံးပြုနိုင်ခြင်းကြောင့် မိသားစုများမှ ကလေးအလုပ်သမားအပေါ် အားကိုးအားထားမှု လျော့နည်းသွားစေပြီး ကလေးအလုပ်သမားများဖြစ်တည်လာမှုအား လျော့ချကာကွယ် နိုင်မည်ဖြစ်သည်။



### ပညာရေး

ကလေးအလုပ်သမား ကိုင်တွယ်ဖြေရှင်းရာတွင် ထားရှိရမည့်အဓိကမူဝါဒတစ်ခုဖြစ်သည့် ယောကျ်ားလေးနှင့်မိန်းကလေးများသည် လုပ်ငန်းခွင်ဝင်ရန် အနိမ့်ဆုံးအသက်တိုင်အောင် အရည်သွေးရှိသည့် ပညာသင်ယူနိုင်ရေးကို ရရှိနိုင်ရန် သေချာစေရမည်။ အလိုအလျောက်လုပ်စက်ကိရိယာကို အသုံးပြုခြင်းများရှိလာသောအချိန်တွင် အနာဂတ်အလုပ်အကိုင်များလည်း ပြောင်းလဲလာမည်။ အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရန်အတွက် လိုအပ်ချက်နှင့်အခြေခံကျွမ်းကျင်မှု ကြီးကြီးမားမားရှိနေဖို့လည်း လိုအပ်သည်ကို ကလေးများအတွက် သေချာစေရမည်။



# ကလေးအလုပ်သမား ဆက်လက်တည်ရှိနေခြင်းကို ယနေ့ကမ္ဘာ တွင် လက်ခံနိုင်ဖွယ်မရှိပါ။ အရှိန်တိုးမြင့် ဆောင်ရွက်ဖို့ အတူတကွ ကြိုးပမ်းကြပါစို့။




## ကလေးအလုပ်သမားမရှိသော အနာဂတ်အလုပ်

အနာဂတ်အလုပ်ဆိုသည်မှာ သင့်တင့်ကောင်းမွန်ပြီး ရေရှည်တည်မြဲသောဝင်ငွေများ ထောက်ပံ့ပေးခြင်းဖြစ်ပြီး ကလေးအလုပ်သမားပပျောက်အောင် မလုပ်ပဲနဲ့ ထိုအရာများမရရှိနိုင်ပါ။ ၁၉၁၉ခုနှစ်ကတည်းက စက်မှုလုပ်ငန်းတွင် ကြီးကြီးမားမားအောင်မြင်မှုများရှိခဲ့စဉ်အခါက ကျွန်ုပ်တို့ရချင်သော အနာဂတ်အလုပ်နှင့် ကလေးအလုပ်သမား ချေမှုန်းရာတွင် ကျေးလက်စီးပွားရေးကို ဦးတည်ပြီး ပြန်လည်ဆန်းသစ် ပြင်ဆင်ရန်နှင့် အာရုံစိုက်ရန်လိုအပ်ပြီး အထူးသဖြင့် စပ်ဗ်ဆာဟာရ အာဖရိကတွင် အခြေအနေဆိုးရွားခဲ့ပါသည်။ အဓိက ကလေးအလုပ်သမား စိန်ခေါ်မှုနှင့် နေရာတိုင်းမှာရှိ သော လုပ်သားဈေးကွက်ဆိုင်ရာ စတုတ္ထကြိမ်မြောက် စက်မှုတော်လှန်ရေးသည် အကျိုးသက်ရောက်မှုရှိပြီး ၊ မြို့ပြနှင့် ကျေးလက်၊ ချိတ်ဆက်မှုသည် အားလုံးသောအခြေခံ အခွင့်အရေးများ၊ အနာဂတ်အလုပ်နှင့် ပညာရေးပြန်လည်ဖွဲ့စည်းခြင်းသည် နှစ်မျိုးလုံးအတွက်အချက်အချာကျပြီးအရေးပါကြောင်း ညွှန်ပြနေသည်။ အားလုံးအကျုံးဝင်သော၊ လွတ်လပ်သော၊ သာတူညီမျှသော၊ ထိုက်သင့်သောပညာရေးသည် ကလေးများအတွက် အနာဂတ်အလုပ် ကမ္ဘာကြီးတွင် ဘဝအတွက်ပြည့်စုံစွာ သိုမှီးနိုင်ရန်လိုအပ်သည့်အသိပညာနှင့် ကျွမ်းကျင်မှုကို ပေးစွမ်းနိုင်ရမည်ဖြစ်သည်။ ယနေ့ခေတ်တွင် တော်တော်များများ ကွဲပြားနေပြီဖြစ်သည်။

## ကျွန်ုပ်တို့နှင့်အတူ ပူးပေါင်းပါဝင်ပါ

ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့ အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ကလေးအလုပ်သမားကိစ္စ ကိုင်တွယ်ဖြေရှင်းသည့် သက်ဆိုင်ရာအဖွဲ့များမှ ကျယ်ကျယ်ပြန့်ပြန့် ထောက်ပံ့ကူညီပေးထားပါသည်။ ၂၀၁၉ခုနှစ် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနှစ်တွင် သင်နှင့်သင့်အဖွဲ့အစည်းမှ တစ်စိတ်တစ်ပိုင်းပါဝင်နိုင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ကမ္ဘာအဝှမ်း ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ လှုပ်ရှားမှုတွင် သင့်အသံဖြင့်ပါဝင်ပြီး ကျွန်ုပ်တို့နှင့်အတူ ပူးပေါင်းပါဝင်ပါ။

သင့်နိုင်ငံတွင်ကလေးအလုပ်သမား ပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ်ရေးထိုးခြင်းမပြုလုပ်ရသေးလျှင် သင့်အစိုးရကို ကလေးအလုပ်သမား ပြဋ္ဌာန်းချက်များကို အတည်ပြုလက်မှတ်ရေးထိုးရန်အတွက် ဖိတ်ခေါ်ကြပါ။ “ One for All ” ရာပြည့် အတည်ပြုလက်မှတ်ရေးထိုးသည့် စည်းရုံးလှုပ်ဆော်မှုကို ရှာဖွေနိုင်ပါသည်။
**www.ilo.org/100rafification**

ပိုမိုသိရှိလိုပါက **childlabour@ilo.org** ကိုဆက်သွယ်ပါ။



# ကလေးများသည် အနာဂါတ်အိပ်မက်များ မက်နေရန် ဖြစ်ပြီး
# လုပ်ငန်းခွင်ဝင်ရောက်ရန် မဟုတ်ပါ။

1919·2019

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့သည် လူမှုတရားမျှတရေး တိုးတက်ကောင်းမွန်စေရန်နှင့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်များကို တိုးမြှင့်ရေး နှစ်တစ်ရာပြည့်အတွက် ကျင်းပဆောင်ရွက်နေပါသည်။ အိုင်အယ်လ်အိုမှ ကလေးအလုပ်သမားအရေးအတွက် မည်ကဲ့သို့ဆောင်ရွက်နေသည်ကို ilo.org/100 တွင်ရှာဖွေနိုင်ပါသည်။

**ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့**

၁၂ ရက် ဇွန်လ ၂၀၁၉

#NOChildLabour www.ilo.org/ChildLabourWorldDay